+ ၂၀၀၂
စက်တင်ဘာလ
၃၀ ရက်

# တရားမပထမအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးချစ်လွင်၏ရှေ့တွင်

ဒေါ်မိမိအေး
နှင့်
ဦးမြင့်ဦး *

**တရားရုံးက တရားလိုတစ်ဦးတည်းကသာ စစ်ဆေးပြီး တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း ၂ နှင့် အမိန့် ၁၅၊ နည်း ၃ တို့အရ တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ် မှန်ကန်မှုရှိ မရှိ၊ တရားမကျင့်ထုံးဥပဒေအမိန့် ၁၅၊ နည်း ၃ (၁) နှင့်ညီညွတ်ရန်လိုအပ်သည့်အင်္ဂါရပ်များ။**

**ဆုံးဖြတ်ချက်။** ။ တိုင်းတရားရုံးက အယူခံတရားလို စွဲဆိုသောအမှုကို ပလပ်ရာတွင် တရားလို ဒေါ်မိမိအေးတစ်ဦးတည်းသာ စစ်ဆေးပြီးနောက် အယူခံတရားပြိုင် ဦးမြင့်ဦး လျှောက်ထားသည့်အတိုင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း၂ နှင့် အမိန့် ၁၅၊ နည်း ၃ တို့၏လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အယူခံတရားလိုစွဲဆိုသည့် အမှုကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

အမိန့်၁၄၊ နည်း ၂ အရအမှုတွင် ဥပဒေငြင်းချက်နှင့် အကြောင်း ချင်းရာ ငြင်းချက်ဟူ၍ ငြင်းချက်နှစ်ရပ် ပေါ်ပေါက်ပြီး ဥပဒေငြင်းချက် ကို စစ်ဆေးစီရင်ခြင်းဖြင့် အမှုတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပြီးပြတ်အောင် ဆုံးဖြတ်နိုင်မည်ဟု တရားရုံးက ထင်မြင်လျှင် ဥပဒေငြင်းချက်ကို ပထမဦးစွာ စစ်ဆေးစီရင်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေငြင်းချက်သည် သက်သေခံချက်မယူဘဲ အဆုံးအဖြတ်ပေးနိုင်လျှင် တရားရုံးသည် အဆိုပါ ငြင်းချက်ကို ကနဦး ဆုံးဖြတ်ရန်တာဝန်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ သာမန်အားဖြင့် တရားရုံးသည် မိမိရှေ့တွင် တင်ပြသော ငြင်းချက်များကို မည်သည့်အစီအစဉ်အရ အဆုံးအဖြတ်ပေး

---

* ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၂၄

\+ ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅၁ တွင်ချမှတ်သော ၁၈-၄-၂၀၀၂ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

ရန် တာဝန်မရှိချေ။ အမှန်ကိုဖေါ်ထုတ်ရာတွင် အများဆုံးအထောက်အကူ ဖြစ်စေတန်ရာသည်ဟု သဘောရရှိသောနည်းဖြင့် ငြင်းချက်များကို အဆုံးအဖြတ်ပေးခွင့်ရှိသည်။ သို့ရာတွင် ခြွင်းချက်နှစ်ရပ်ရှိသည်။ အယူခံဝင်နိုင်သောအမှုများတွင် အမှုကိုအပိုင်းလိုက် တစ်စစီစစ်ဆေးဆုံးဖြတ်ခြင်းသည် အမှုကိုကြန့်ကြာစေပြီး တစ်မှုတည်းတွင် အယူခံများ ထပ်တလဲလဲပေါ်ပေါက်စေသည်ဖြစ်၍ တရားရုံးသည် ဖြစ်နိုင်သမျှထုတ်ထားသော ငြင်းချက်အားလုံးကို အဆုံးအဖြတ်ပေးရန်ဖြစ်သည်။ နောက်ခြွင်းချက်တစ်ရပ်မှာ အမိန့် ၁၄၊ နည်းဥပဒေ ၂ တွင်ပါရှိသည်။ ဥပဒေငြင်းချက်များသည် အမှု၏အခြေအမြစ်နှင့်သက်ဆိုင်ပြီး သက်သေခံချက်မယူဘဲ အဆုံးအဖြတ်ပေးနိုင်လျှင် တရားရုံးသည် အဆိုပါ ငြင်းချက်များကို ကနဦးဆုံးဖြတ်ရန် တာဝန်ရှိသည်။

ယခုအမှုတွင် တိုင်းတရားရုံးက တရားလိုကို စစ်ဆေးပြီးနောက် အမှုကိုအပြီးအပြတ် ဆုံးဖြတ်ခဲ့သည်ဖြစ်ရာ သက်သေခံချက်မယူဘဲ အဆုံးအဖြတ်ပေးခြင်း မဟုတ်သည့်အတွက် တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၂ အရဆုံးဖြတ်ခြင်းမဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၅၊ နည်း ၃ (၁)အရ ဆောင်ရွက်ရန် အောက်ပါအင်္ဂါရပ်များနှင့် ညီညွှတ်ရန်လိုသည်-

(၁) အမှုသည်တို့မှာ ဥပဒေပြဿနာ သို့မဟုတ် အကြောင်းချင်းရာ ပြဿနာတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိခြင်း၊

(၂) အငြင်းပွားလျက်ရှိသော ပြဿနာများကို စီရင်ဆုံးဖြတ်ရန်အတွက် ငြင်းချက်များထုတ်ထားခြင်း၊

(၃) အမှုကို စီရင်ဆုံးဖြတ်ရန်အတွက် လုံလောက်မည်ဖြစ်သည့် ငြင်းချက်များနှင့်စပ်လျဉ်း၍ အမှုသည်များက လျှောက်လဲချက် သို့မဟုတ် သက်သေခံချက် လက်တလော တင်ပြနိုင်ခြင်း၊

(၄) ထို့အပြင် အမှုသည်များက နောက်ထပ်လျှောက်လဲချက် သို့မဟုတ် သက်သေခံချက်တင်ပြရန်မလိုအပ်တော့ခြင်း၊

(၅) အမှုကိုချက်ချင်းဆောင်ရွက်ခြင်းဖြင့် တရားမျှတမှုကင်းမဲ့မည်မဟုတ်ကြောင်း တရားရုံးက ကျေနပ်ခြင်း၊

(၆) ငြင်းချက်အပေါ် တွေ့ရှိချက်မှာ အမှုစီရင်ဆုံးဖြတ်ရေး

အတွက် လုံလောက်ခြင်း၊

(၇) သမ္မာန်စာကို ငြင်းချက်ထုတ်ရန်အတွက် ထုတ်ဆင့်ခဲ့ခြင်းဖြစ်လျှင် စီရင်ချက်ချမှတ်နိုင်ရန် အမှုသည်များသို့မဟုတ် ၎င်းတို့၏ရှေ့နေများအနက် မည်သူကမျှကန့်ကွက်ခြင်းမပြုခြင်း။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၅၊ နည်း ၃ တွင်ပြဋ္ဌာန်းထားသည့် အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်လျှင် တရားရုံးသည် နောက်ထပ်သက်သေခံချက်များ ထပ်မံရယူခြင်းမပြုဘဲ အမှုကို စီရင်ဆုံးဖြတ်နိုင်ကြောင်း အငြင်းပွားရန်မရှိပေ။ သို့ရာတွင် ယင်းသို့စီရင်ဆုံးဖြတ်နိုင်ရန် လိုအပ်သောငြင်းချက်များအတွက် အမှုသည်များက သက်သေခံချက်များ တင်ပြနိုင်သည့်အပြင် နောက်ထပ်သက်သေခံချက် တင်ပြရန် မလိုအပ်တော့ကြောင်း၊ ယင်းသို့အမှုကို ချက်ချင်းစီရင်ဆုံးဖြတ်ခြင်းအားဖြင့် တရားမျှတမှုကင်းမဲ့ရန် အကြောင်းမရှိကြောင်း ပေါ်ပေါက်ရန်လိုပေသည်။

ယခုအမှုတွင် တိုင်းတရားရုံးက အဆုံးအဖြတ်ပေးသည့် ငြင်းချက်အမှတ် (၂) မှာ အမှုကိုစီရင်ဆုံးဖြတ်ရန်အတွက် လုံလောက်သည့်ငြင်းချက်ဖြစ်သည်မှန်သော်လည်း ယင်းငြင်းချက်နှင့်စပ်လျဉ်း၍ နှစ်ဘက်အမှုသည်တို့က ပြည့်စုံလုံလောက်သည့် သက်သေခံချက်များ တင်ပြရခြင်းမရှိသေးပေ။ ထို့ပြင် တိုင်းတရားရုံးက တရားလိုကိုသာစစ်ဆေးပြီး တရားလိုပြသက်သေများကို တင်ပြခွင့်မပြုဘဲနှင့် တရားလိုစွဲဆိုသည့်အမှုကို ပလပ်ကြောင်း ချက်ချင်းစီရင်ချက်ချမှတ်ခဲ့ခြင်းမှာ တရားလိုအတွက် တရားမျှတမှုရရှိခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၈ ပါပြဋ္ဌာန်းချက်အရ အမှုကြားနာရန် သတ်မှတ်သောနေ့တွင် စတင်ဆောင်ရွက်ခွင့်ရှိသော အမှုသည်က မိမိအမှုကို တင်ပြရသည်။ ထို့နောက် ၎င်းကသက်သေထင်ရှားပြသရန် တာဝန်ရှိသော ငြင်းချက်များကိုထောက်ခံသည့် သက်သေအထောက်အထားများကို တင်ပြရမည်ဖြစ်သည်။ ဤအခွင့်အရေးမှာ ဥပဒေအရ ပေးအပ်ထားသည့် အခွင့်အရေးဖြစ်သည်။ တရားလိုကိုစစ်ဆေးပြီးနောက် တရားလိုပြသက်သေများကို တင်ပြခွင့်မပေးဘဲ ချက်ချင်းစီရင်ချက်ချမှတ်ခြင်းမှာ ဥပဒေအရ အမှုသည်တို့အား ပေးအပ်ထားသည့် အခွင့်အရေးကို ပိတ်ပင်ရာရောက်သည်။ ထို့ကြောင့် အမိန့် ၁၅၊ နည်း ၃ ပါပြဋ္ဌာန်းချက်နှင့်လည်း ကိုက်ညီသည်ဟု မဆိုနိုင်ပေ။

| ၂၀၀၂ ဒေါ်မိမိအေး နှင့် ဦးမြင့်ဦး | | | |
|---|---|---|---|
| | အယူခံတရားလိုအတွက် | - | ဦးအောင်သစ် (တရားရုံးချုပ်ရှေ့နေ) |
| | အယူခံတရားပြိုင်အတွက် | - | ဦးလှရှိန် (တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅၁ တွင် ဒေါ်မိမိအေးက ဦးမြင့်ဦးအပေါ် အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသော တိုက်ခန်းအား လက်ရောက်ရလိုမှုစွဲဆိုသည်။ ရန်ကုန်တိုင်းတရားရုံးက တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ဆုံးဖြတ်၍ အမှုကိုပလပ်သည်။ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်မိမိအေးက မကျေနပ်၍ တရားရုံးချုပ်တွင် အယူခံ တင်သွင်းသည်။

တရားလို၏ အဆိုလွှာအရ ကွယ်လွန်သူ ဦးအောင်မြင့်နှင့် ဒေါ်ခင်အုန်းမြင့်တို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြကြောင်း၊ ဇနီးဖြစ်သူ ဒေါ်ခင်အုန်းမြင့် ကွယ်လွန်ပြီးနောက် ဦးအောင်မြင့်သည် တူမဖြစ်သူ တရားလိုအား ၂၇-၄-၉၃ ရက်စွဲပါ မှတ်ပုံတင်မွေးစားစာချုပ်အမှတ် ၁၂၉၄/၉၃ အရကိတ္တိမသမီးအဖြစ် မွေးစားခဲ့ကြောင်း၊ ဖခင် ဦးအောင်မြင့်သည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃ (က)၊ မြေကွက်အမှတ် ၄၅၊ ပဋ္ဌမတန်းမြေအမျိုးအစား၊ ဧရိယာ ၅၈ ပေ × ၁၀ လက်မ-၂၅ ပေရှိ ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အမှတ် (၃၇)၊ ဗျိုင်းရေအိုးစဉ်လမ်း၊ ဗျိုင်းရေအိုးစဉ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော နှစ်ထပ်တိုက်တစ်လုံးကို ၁၆-၁၀-၄၇ ရက်စွဲပါ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပြီး မြေငှားဂရန်တွင်လည်း အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ တရားပြိုင်သည် ဦးအောင်မြင့်နှင့်ညီနှစ်ဝမ်းကွဲတော်စပ်ပြီး ဦးအောင်မြင့်ခွင့်ပြုချက်ဖြင့် ၁၆-၁-၈၈ နေ့တွင် နှစ်ထပ်တိုက်၏ မြေညီထပ်အခန်းသို့ ရောက်ရှိနေထိုင်ကြောင်း၊ ဦးအောင်မြင့်သည် တရားပြိုင်အပေါ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၅၀/၁၉၉၈ အရ အခမဲ့ဖယ်ရှားပေးစေလိုမှုစွဲဆိုရာ အနိုင်ရရှိသော်လည်း တရားပြိုင်က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး၊ တရားမပထမအယူခံမှုအမှတ် ၃၉/၂၀၀၁ တွင် အယူခံတင်သွင်းရာ အခမဲ့နေထိုင်ကြောင်း သက်သေထင်ရှားမပြနိုင်၍ မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ခဲ့ကြောင်း၊ တရားလိုသည် မြန်မာလေ့

ထုံးတမ်းဥပဒေအရ ကွယ်လွန်သူ ဦးအောင်မြင့် ကျန်ရစ်သော တရားပြိုင်နေထိုင်ရာအခန်းအပါအဝင် ဖော်ပြပါမြေကွက်နှင့် နှစ်ထပ်တိုက်တစ်လုံး၏ အကျိုးခံစားခွင့်များကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ တရားပြိုင်သည် ဦးအောင်မြင့် ကျန်ရစ်သောအမွေပစ္စည်းအရပ်ရပ်တွင် အမွေဆက်ခံခွင့်ရှိသူမဟုတ်သောကြောင့် အချင်းဖြစ်အခန်းတွင် ဆိုင်ရေးဆိုင်ခွင့်ရှိသူမဟုတ်ကြောင်း၊ တရားလို၏ဖခင် ဦးအောင်မြင့်မှ တရားပြိုင်အား ၂၀-၃-၉၈ နေ့တွင် ဖယ်ရှားပေးရန် တောင်းဆိုရာ လက်မခံသောကြောင့် အမွေဆက်ခံပိုင်ဆိုင်သောအခန်းကို လက်ရောက်ရရန် လိုအပ်လာကြောင်း ဖော်ပြ၍ အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရလိုမှုစွဲဆိုသည်။

ချေလွှာတွင် အချင်းဖြစ်မြေကွက်ကို ဦးအောင်မြင့် အမည်ပေါက်ပိုင်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ ငြင်းဆိုရန်မရှိကြောင်း၊ ဦးအောင်မြင့်နှင့် တရားပြိုင်တို့သည် ညီအစ်ကိုဝမ်းကွဲတော်စပ်သဖြင့် နှစ်ဦးသဘောတူချက်ဖြင့် တရားပြိုင်က အဆိုပါနှစ်ထပ်တိုက်ကို တရားပြိုင်၏ငွေဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ တိုက်ဆောက်လုပ်ပြီးသည့်အခါတွင် တရားပြိုင်၊ မြေညီထပ်တွင် နေထိုင်ရန်နှင့် ဦးအောင်မြင့်က ပထမထပ်တွင် နေထိုင်ရန် သဘောတူခဲ့ကြကြောင်း၊ ၁၆-၁၂-၈၇ နေ့တွင် တိုက်၏မြေညီထပ်သို့ တရားပြိုင်နှင့်မိသားစု ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ကြောင်း၊ အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၅၀/၉၈ တွင်ဦးအောင်မြင့်၏ခွင့်ပြုချက်မရှိဘဲ ၁၆-၁-၈၈ ရက်နေ့ နံနက်စောစောကြီး ပြောင်းလာပါသည်ဟု ဦးအောင်မြင့်ကိုယ်တိုင် ထွက်ဆိုအစစ်ခံခဲ့ကြောင်း၊ ထို့ကြောင့် တရားပြိုင်သည် အချင်းဖြစ်တိုက်၏ မြေညီထပ်တွင် ဦးအောင်မြင့်၏ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးက ၄င်း၏ပထမအယူခံမှုတွင် အချင်းဖြစ်ဥပစာတွင် ဦးမြင့်ဦးတို့ ဝင်ရောက်နေထိုင်ခြင်းနှင့် ပတ်သက်၍ တရားလို ဦးအောင်မြင့်က သူ၏ခွင့်ပြုချက်မရဘဲ ဝင်ရောက်နေထိုင်ခြင်းဖြစ်ပါသည်ဟုဆိုသော ထွက်ဆိုချက်ကိုကောက်လျှင် တရားပြိုင် ဦးမြင့်ဦး တင်ပြသကဲ့သို့ သူ့ငွေနှင့်ဆောက်ခဲ့သောအိမ်ဖြစ်၍ ဤသို့ ပိုင်စိုးပိုင်နင်း ဦးအောင်မြင့်ခွင့်ပြုချက်မယူဘဲ ဝင်ရောက်နေထိုင်ခဲ့သည်ဟူ၍ပင် ကောက်ယူနိုင်သည့် အခြေအနေရှိသည်ကို ဤအမှုတွင် သုံးသပ်တွေ့ရှိရသည်ဟု ဆုံးဖြတ်ထားကြောင်း၊ ထို့ကြောင့် အချင်းဖြစ်တိုက်မှာ တရားပြိုင် ဆောက်လုပ်သောတိုက်ဖြစ်ကြောင်းနှင့် တရားပြိုင်က အချင်းဖြစ်တိုက်၏ မြေညီထပ်တွင် ၁၆-၁-၈၈ ရက်နေ့မှစတင်၍ ဦးအောင်မြင့်အား ဆန့်ကျင်

လက်ရှိထား၍ နေထိုင်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဤအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း၊ ရန်ကုန်တိုင်းတရားရုံး တရားမပထမအယူခံမှုအမှတ် ၃၉/၂၀၀၁ တွင် အချင်းဖြစ်တိုက်မှာ တရားပြိုင်ဆောက်လုပ်သည့် တိုက်ဖြစ်သည်ဆိုခြင်းနှင့် တရားပြိုင်က ၁၆-၁-၈၈ ရက်နေ့မှစ၍ တရားလိုအားဆန့်ကျင်၍ ပိုင်စိုးပိုင်နင်း နေထိုင်သည်ဆိုခြင်းမှာ မီးသေဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ အချင်းဖြစ်တိုက်ကို တရားပြိုင်၏ငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သဖြင့် တရားပြိုင်ကသာ ပိုင်ဆိုင်သောကြောင့် တရားလိုသည် ဤအမှုကို စွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ထို့ပြင် တရားမကြီးမှုအမှတ် ၃၅၀/၉၈ တွင် ဦးအောင်မြင့်ကိုယ်တိုင်၏ ထွက်ဆိုချက်သည် ဤအမှုတွင် နှုတ်ပိတ်ပြီးဖြစ်ကြောင်းချေပသည်။

တိုင်းတရားရုံးက ရန်ကုန်တိုင်းတရားရုံး၊ တရားမပထမအယူခံမှုအမှတ် ၃၉/၂၀၀၁တွင်ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီ(သက်သေခံ-၁) နှင့် ဦးအောင်မြင့်၏ ထွက်ဆိုချက် (သက်သေခံ-၂) တို့အရ ၁၆-၁-၈၈ နေ့မှစ၍ ကာလစည်းကမ်းသတ်ရေတွက်ရမည်ဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ် (၁၂) နှစ်ကျော်လွန်ကြောင်း ဆုံးဖြတ်၍အမှုကိုပလပ်လိုက်သည်။

အယူခံတရားလို၏ရှေ့နေက တိုင်းတရားရုံးသည် ပဏာမငြင်းချက် (၂) ရပ်နှင့်စပ်လျဉ်း၍ သက်သေခံချက်ရယူပြီးမှ အဆုံးအဖြတ်ပြုမည်ဟု အမိန့်ချမှတ်ခဲ့ကြောင်း၊ သက်သေခံချက်ရယူရာတွင် တရားလိုကိုသာ စစ်ဆေးရသေးကြောင်း၊ တရားလိုသက်သေများကို ပြည့်စုံအောင် မစစ်ဆေးရသေးကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၅၊ နည်း ၃ အရ တရားပြိုင်၏လျှောက်ထားမှုကို လက်ခံဆုံးဖြတ်ခြင်းမှာ ဆန္ဒစောလွန်းရာရောက်သည့်ပြင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်လည်း ညီညွတ်ခြင်းမရှိကြောင်း၊ တိုင်းတရားရုံးသည် ဦးအောင်မြင့်၏ ထွက်ဆိုချက်တစ်ရပ်လုံးကို မယူဘဲ အယူခံတရားပြိုင်ကသာရစေမည့် အချက်ကိုသာကွက်၍ အမှုကို ဆုံးဖြတ်ခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ဦးမြင့်ဦးသည် ဦးအောင်မြင့် သဘောမတူဘဲ ဦးအောင်မြင့်၏ဆန္ဒကိုဆန့်ကျင်၍ ဝင်ရောက်နေထိုင်ခြင်း မဟုတ်ကြောင်း၊ ဦးအောင်မြင့်၏မီတာ၊ တယ်လီဖုန်းတို့ကို သုံးစွဲခွင့်ပြုထားခြင်းက ဆန့်ကျင်လက်ရှိထားသည့်သဘောကို မဆောင်ကြောင်း၊ သို့ဖြစ်၍ ကာလစည်းကမ်းသတ်ကျော်ပြီဟု ကောက်ယူခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၂ အရအမှုတွင် ဥပဒေငြင်းချက်၊ အကြောင်းချင်းရာငြင်းချက်နှစ်ရပ်ရှိရာ ဥပဒေငြင်းချက်ကိုသာ စစ်ဆေးစီရင်ခြင်းဖြင့် အမှုတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြီးပြတ်အောင်စစ်ဆေးနိုင်မည်ဟု တရားရုံးကထင်မြင်လျှင် ပထမဦးစွာ စစ်ဆေးစီရင်ရမည်ဖြစ်ကြောင်း၊ **ဒေါ်ညွန့်ညွန့်ခင် နှင့် ဒေါ်အိမ်ကြည်အမှု**[၁] တွင်ဥပဒေငြင်းချက်သက်သက်ဖြစ်သော အငြင်းထွက်ပြဿနာကို ဦးစွာအဆုံးအဖြတ်ပေးခြင်းဖြင့် မလိုအဲအမှုကို ကြန့်ကြာစွာခုခံနေရသော ဒုက္ခမှကင်းစေရန် တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၂ ကရည်ရွယ်ကြောင်း၊ **ဒေါ်မြရင်ပါ ၅ နှင့် ဒေါ်စောအမှု**[၂] တွင်အဓိကကျသော အခြေခံဖြစ်သော တစ်မှုလုံး၏အနိုင်အရှုံးကို ဆုံးဖြတ်နိုင်သော ပထမငြင်းချက်ပေါ်တွင် ရုံးကအဆုံးအဖြတ်ပေးလျှင် ယင်းဆုံးဖြတ်ချက်ကို အယူခံဝင်ကာ အယူခံရုံးသုံးသပ်ချက်ကို မကျေနပ်သူက နောက်ထပ်ဆက်လက်၍ အခွင့်ထူးအယူခံဝင်ခွင့်ကိုပင် လျှောက်ထားနိုင်ခွင့်ရှိကြောင်း၊ သို့ဖြစ်၍ မူလရုံးက ဒေါ်မြရင်ပါ ၅ နှင့် ဒေါ်စောအမှု(၂) ကိုရည်ညွှန်း၍ ကာလစည်းကမ်းသတ်ထက်ကျော်လွန်ကြောင်း ဆုံးဖြတ်ချက်မှာ လမ်းညွှန်စီရင်ထုံးအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း မှန်ကန်ကြောင်း၊ အယူခံတရားပြိုင်က အဓိကအားဖြင့်ထုချေသည်မှာ ဦးအောင်မြင့်နှင့် တရားပြိုင်တို့ နှစ်ဦးသဘောတူညီချက်ဖြင့် တရားပြိုင်က တရားပြိုင်၏ငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ဆောက်လုပ်ပြီးသည့်အခါ တရားပြိုင်က မြေညီထပ်တွင်နေထိုင်ရန် ဦးအောင်မြင့်က ပထမထပ်တွင် နေထိုင်ရန် သဘောတူခဲ့ကြောင်း၊ တိုက်အကြမ်းထည်ပြီးသွားသည့် ၁၆-၁၂-၈၇ နေ့တွင် တိုက်မြေညီထပ်သို့ တရားပြိုင်နှင့်မိသားစု ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၅၀/၉၈ တွင် ဦးအောင်မြင့်ကိုယ်တိုင် အစစ်ခံချက် (သက်သေခံ-၂) အရလည်းကောင်း၊ ရန်ကုန်တိုင်းတရားရုံး၊ ပထမအယူခံမှုတွင်ဆုံးဖြတ်ချက် (သက်သေခံ-၃) အရလည်းကောင်း အယူခံတရားပြိုင်သည် ၁၆-၁-၈၈ ရက်နေ့မှစ၍ ဦးအောင်မြင့်အား ဆန့်ကျင်လက်ရှိထား၍ နေထိုင်ခြင်းဖြစ်ကြောင်း။ ဦးအောင်မြင့်၏ ထွက်ဆိုချက်များကို သက်သေခံဥပဒေပုဒ်မ ၁၁၅ အရ

(၁) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၂

(၂) ၁၉၇၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၃၂

အယူခံတရားလိုအနေဖြင့် ငြင်းဆိုခွင့်မရှိကြောင်း၊ သို့ဖြစ်ရာ မူလရုံးက ယင်းအချက်များကို အထောက်အထားပြု၍ အယူခံတရားလိုစွဲဆိုသော အမှုကိုပလပ်ခြင်းမှာ မှန်ကန်ကြောင်း၊ မူလရုံးတော်သည် ပဏာမငြင်းချက် နှစ်ရပ်ကို ခြားနားခဲ့သော်လည်း အမှတ် (၃) ငြင်းချက်ဖြစ်သည့် တရားမကြီးမှုအမှတ် ၃၅၀/၉၈ တွင်အချင်းဖြစ်တိုက်နှင့်ပတ်သက်၍ ထုတ်နှုတ်ဆုံးဖြတ်ခဲ့သောငြင်းချက်အမှတ် (၂) အရအချင်းဖြစ်တိုက်ခန်းကို တရားပြိုင်ပိုင်ကြောင်း မီးသေဆုံးဖြတ်ချက်ဖြစ်နေ၍ အမှုကိုစွဲရန် အကြောင်းမပေါ်ပေါက်ဆိုသည်မှာ မှန်သလား ငြင်းချက်ကိုဖြေဆိုဆုံးဖြတ်ခြင်းမရှိကြောင်း၊ **ဒေါ်လှမြင့် (၎င်း၏ကိုယ်စားလှယ် ဦးအောင်တင်) နှင့် ဦးရီပါ ၂ အမှု**[၃] တွင် အမှုအနိုင်ရသူအနေဖြင့် ဒီကရီကို အယူခံဝင်ခွင့် မရှိသောကြောင့် တန်ပြန်ကန့်ကွက်လွှာ တင်သွင်းခွင့်မရှိကြောင်း၊ သို့ရာတွင် မိမိတို့အပေါ် နစ်နာစေသည့် အောက်ရုံး၏ဆုံးဖြတ်ချက်ရှိလျှင် ထိုဆုံးဖြတ်ချက်သည် မှားယွင်းကြောင်း တင်ပြခွင့်ရှိကြောင်း၊ ဦးမြင့်ဦး၏ ထွက်ချက် (သက်သေခံ-၂) နှင့် ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက် (သက်သေခံ-၁) တို့အရ အချင်းဖြစ်အိမ်ကို တရားပြိုင် ဦးမြင့်ဦးက ၎င်း၏ ငွေဖြင့် ဆောက်လုပ်ခဲ့သည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း၊ ခွင့်ပြုချက် ဖြင့်အခမဲ့နေထိုင်သူအား နှင်လိုမှုတွင် ဆိုင်ရေးဆိုင်ခွင့်ပြဿနာကို အဓိက ထား၍ ဆုံးဖြတ်ရန်မဟုတ်သော်လည်း ပိုင်ဆိုင်မှုကို အကြောင်းပြု၍ ခွင့်ပြု ချက်ပေးသည့်အမှုတွင်ဖြစ်စေ၊ ဆိုင်ရေးဆိုင်ခွင့်အရ နေထိုင်သည့်အမှုတွင် ဖြစ်စေ ပိုင်ဆိုင်ခွင့်ပြဿနာနှင့် ဆိုင်ရေးဆိုင်ခွင့်ပြဿနာကို စိစစ်၍အဆုံး အဖြတ်ပြုရကြောင်း၊ ယင်းအတိုင်းပင် **ဒါဝတ်အီဗရာဟင်ဘိုင်များ (ခ) အာကီးသားအာမက်ခြားအမှု**[၄] တွင်ဆုံးဖြတ်ထားကြောင်း၊ တရားမကျင့် ထုံးဥပဒေပုဒ်မ ၁၁ ပါပြဌာန်းချက်အရလည်းကောင်း၊ ယင်းပုဒ်မ၏ ရှင်းလင်းချက် (၄) အရလည်းကောင်း၊ စီရင်ထုံးများအရလည်းကောင်း ယခင်စွဲဆိုသောအမှုတွင် ဦးအောင်မြင့်က အချင်းဖြစ်တိုက်ခန်းပိုင်ဆိုင်မှုကို အခြေခံပြီး အခမဲ့နေထိုင်သူအား နှင်လိုမှုစွဲဆိုခဲ့ပြီးဖြစ်၍ ဦးအောင်မြင့် အားဆက်ခံသူ အယူခံတရားလိုအနေဖြင့် ဤအမှုကို စွဲဆိုရန်မီးသေပြီး ဖြစ်ကြောင်း ထည့်သွင်းဆုံးဖြတ်ပေးရန် လျှောက်လဲတင်ပြသည်။

ဦးအောင်မြင့်ကဦးမြင့်ဦးအပေါ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

(၃) ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၉၈ (၁၀)

(၄) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၆၅ (စုံညီ)

တရားမကြီးမှုအမှတ် ၃၅၀/၉၈ တွင်ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်သူအား ဖယ်ရှားပေးစေလိုမှုစွဲဆိုသည်။ အမှုအတွင်း ဦးအောင်မြင့် ကွယ်လွန်၍ ဒေါ်မိမိအေးအား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းသည်။ မူလရုံးတွင် ဒေါ်မိမိအေးအနိုင်ဒီကရီရရှိသော်လည်း ဦးမြင့်ဦးက အယူခံသော အခါ ရန်ကုန်တိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ် ၃၉/၂၀၀၁ တွင် ဒေါ်မိမိအေး၏ အဆိုလွှာကိုပလပ်ခဲ့သည်။ ထို့ကြောင့် ဒေါ်မိမိအေးက ဦးမြင့်ဦးအပေါ် ပိုင်ဆိုင်ခွင့်ကို အခြေခံ၍ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃ (က)၊ မြေကွက်အမှတ် (၄၅)၊ ပဋ္ဌတန်းမြေ အမျိုးအစား၊ ဧရိယာ ၅၈ ပေ ၁၀ လက်မ × ၂၅ ပေရှိ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် (၃၇) ဟုခေါ်တွင်သော နှစ်ထပ်တိုက်၏ မြေညီထပ် (၁) ခန်းအား လက်ရောက်ရလိုမှု စွဲဆိုခဲ့ခြင်းဖြစ်သည်။

ဦးမြင့်ဦးက ဦးအောင်မြင့်သည် တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃ (က)၊ မြေကွက်အမှတ် (၄၅)၊ ပဋ္ဌမတန်းမြေအမျိုးအစား၊ ဧရိယာ ၅၈ ပေ ၁၀ လက်မ × ၂၅ ပေရှိ ဂရန်မြေကွက်ကိုဝယ်ယူ၍ အမည်ပေါက် ပိုင်ဆိုင်ကြောင်း၊ ငြင်းဆိုခြင်းမပြုခဲ့ပေ။ သို့ရာတွင် အဆိုပါမြေကွက်ပေါ်ရှိ အမှတ် ၃၇၊ ဗျိုင်းရေအိုးစင်လမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ထပ်တိုက်ကို ဦးအောင်မြင့်ပိုင်ဆိုင်ခြင်း မရှိကြောင်း၊ ဦးအောင်မြင့်နှင့် တရားပြိုင်တို့မှာ ညီအစ်ကိုဝမ်းကွဲတော်စပ်သဖြင့် နှစ်ဦးသဘောတူညီချက်ဖြင့် အဆိုပါနှစ်ထပ်တိုက်ကို ၄င်း၏ငွေဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း ချေပသည်။

**ဒေါ်လှခင်ပါ ၂ နှင့် မသန်းတင်အမှု**(၅) တွင် ဤအငြင်းပွားသည့်ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ၁ဇက်သေပြရန်တာဝန်ကို သတ်မှတ်ထားသည်ကို သတိပြုသင့်သည်-

> " မြေပေါ်တွင်တည်ရှိသော အဆောက်အအုံသည် မြေရှင်၏ ypü ‡b mjzpéf n f leau mu ‡ &rn ‡ Quicquid Plantartur Solo Solo Cedit) ဆိုသောဥပဒေစကားပုံသည် မြန်မာပြည်နှင့် လုံးဝမသက်ဆိုင်ဟု မဆိုသာပေ။ အမှုကိုလိုက်၍ အကြောင်းခြင်းရာပေါ်တွင် မူတည်လျက်ကို ဥပဒေစကားပုံသည် အကျုံးဝင်

(၅) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၄

မဝင်ဆိုခြင်းကို ဆုံးဖြတ်ရမည်ဖြစ်သည်။ **ဦးဖန်နှင့်တစ်ဦး နှင့် ဒေါ်မြိုင်နှင့်နှစ်ဦးအမှု**(၆) ကို စကားပုံ၏အဓိပ္ပါယ်မှာ လူတစ်ဦးသည် မိမိပိုင်မြေမဟုတ်ဘဲ သူတပါးပိုင်မြေပေါ်တွင် ငွေကြေးအကုန်အကျခံ၍ အိမ်ဆောက်မည်မဟုတ်ဟုဆိုသော အခြေခံသဘောတရားပင်ဖြစ်သည်။ သို့ဖြစ်ရာ သူတပါး၏မြေပေါ်တွင် ဆောက်လုပ်ထားသောအိမ်သည် မိမိအိမ်ဖြစ်သည်ဟု တစ်ဦးတစ်ယောက်ကစွပ်စွဲလာလျှင် ထိုကဲ့သို့ စွပ်စွဲလာသူက မိမိအိမ်ဖြစ်ကြောင်း ထင်ရှားအောင်သက်သေပြရန် တာဝန်ရှိသည်။ ”

ဦးမြင့်ဦးက အငြင်းပွားနေသည့် အဆောက်အအုံတည်ရာမြေကို ဦးအောင်မြင့်ပိုင်ကြောင်း ဝန်ခံသော်လည်း ယင်းမြေပေါ်ရှိ အဆောက်အအုံကို ၄င်းငွေဖြင့်ဆောက်လုပ်ကြောင်း ငြင်းဆိုသည်ဖြစ်ရာ ထိုအချက်ကို သက်သေထင်ရှားပြရန် တာဝန်မှာ ၄င်းအပေါ်ကျရောက်သည်။

အယူခံတရားပြိုင်၏ ချေပလွှာအပိုဒ် ၄ (က) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

၄ (က)။ အချင်းဖြစ်နှစ်ထပ်တိုက်ကို တရားပြိုင်က ငွေစိုက်ထုတ်၍ ဆောက်လုပ်ခဲ့ခြင်းမှာ တိုက်ဆောက်လုပ်ပြီးသည့်အခါတွင် တရားပြိုင်က မြေညီထပ်တွင် နေထိုင်ရန်နှင့် ဦးအောင်မြင့်က ပထမထပ်တွင်နေထိုင်ရန် သဘောတူခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် အယူခံတရားပြိုင်သည် အချင်းဖြစ်တိုက်အိမ်ကို ၄င်းငွေဖြင့်ဆောက်လုပ်ကြောင်း သက်သေပြရန်လိုသည်။

တိုင်းတရားရုံးက အယူခံတရားလို စွဲဆိုသောအမှုကို ပလပ်ရာတွင် တရားလို ဒေါ်မိမိအေးတစ်ဦးတည်းသာ စစ်ဆေးပြီးနောက် အယူခံတရားပြိုင် ဦးမြင့်ဦး လျှောက်ထားသည့်အတိုင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်း ၂ နှင့်အမိန့် ၁၅၊ နည်း ၃ တို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အယူခံတရားလို စွဲဆိုသည့်အမှုကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

အမိန့် ၁၄၊ နည်း ၂ အရအမှုတွင် ဥပဒေငြင်းချက်နှင့် အကြောင်းခြင်းရာငြင်းချက် နှစ်ရပ်ပေါ်ပေါက်ပြီး ဥပဒေငြင်းချက်ကို စစ်ဆေးစီရင်ခြင်းဖြင့် အမှုတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြီးပြတ်အောင် ဆုံးဖြတ်နိုင်မည်ဟု တရားရုံးက ထင်မြင်လျှင် ဥပဒေငြင်းချက်ကို

(၆) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၀၀ (လွှတ်တော်)

ပထမဦးစွာ စစ်ဆေးစီရင်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေငြင်းချက်သည် သက်သေခံချက်မယူဘဲ အဆုံးအဖြတ်ပေးနိုင်လျှင် တရားရုံးသည် အဆိုပါငြင်းချက်ကို ကနဦးဆုံးဖြတ်ရန်တာဝန်ရှိသည်။

တိုင်းတရားရုံးသည် အဆိုအချေအရ ငြင်းချက် (၄) ရပ်ထုတ်နှုတ်ခဲ့သည်။ ယင်းငြင်းချက်များအနက် ငြင်းချက်အမှတ် ၂ နှင့် ၃ ကို ပဏာမငြင်းချက်အဖြစ်သတ်မှတ်၍ နှစ်ဘက်ကြားနာခဲ့သော်လည်း ၉-၁၁-၂၀၁၁ နေ့တွင် ယင်းငြင်းချက်များကို ပဏာမအဆင့်တွင် မဆုံးဖြတ်ဘဲ သက်သေခံချက်ရယူပြီးမှ ဆုံးဖြတ်မည်ဟု အမိန့်ချမှတ်ခဲ့သည်။ ထို့နောက် တိုင်းတရားရုံးသည် တရားလိုကိုသာ စစ်ဆေးပြီး အမိန့် ၁၄၊ နည်း ၂ နှင့် အမိန့် ၁၅၊ နည်း၃ ကိုရည်ညွှန်း၍ ပဏာမငြင်းချက်အဖြစ် သတ်မှတ်ထားသည့်ငြင်းချက်အမှတ် (၂) ကိုဖြေဆိုပြီး အမှုကိုအပြီးအပြတ် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သာမန်အားဖြင့် တရားရုံးသည် မိမိရှေ့တွင် တင်ပြသောငြင်းချက်များကို မည်သည့်အစီအစဉ်အရ အဆုံးအဖြတ်ပေးရန် တာဝန်မရှိချေ။ အမှန်ကိုဖေါ်ထုတ်ရာတွင် အများဆုံး အထောက်အကူဖြစ်စေတန်ရာသည်ဟု သဘောရရှိသောနည်းဖြင့် ငြင်းချက်များကို အဆုံးအဖြတ်ပေးခွင့်ရှိသည်။ သို့ရာတွင် ငြင်းချက်နှစ်ရပ်ရှိသည်။ အယူခံဝင်နိုင်သောအမှုများတွင် အမှုကိုအပိုင်းလိုက် တစ်စစီ စစ်ဆေးဆုံးဖြတ်ခြင်းသည် အမှုကိုကြန့်ကြာစေပြီး တစ်မှုတည်းတွင် အယူခံများထပ်တလဲလဲ ပေါ်ပေါက်စေသည်ဖြစ်၍ တရားရုံးသည် ဖြစ်နိုင်သမျှထုတ်ထားသော ငြင်းချက်အားလုံးကို အဆုံးအဖြတ်ပေးရန်ဖြစ်သည်။ နောက်ခြွင်းချက်တစ်ရပ်မှာ အမိန့် ၁၄၊ နည်းဥပဒေ ၂ တွင်ပါရှိသည်။ ဥပဒေငြင်းချက်များသည် အမှု၏အခြေအမြစ်နှင့်သက်ဆိုင်ပြီး သက်သေခံချက်မယူဘဲ အဆုံးအဖြတ်ပေးနိုင်လျှင် တရားရုံးသည် အဆိုပါငြင်းချက်များကို ကနဦး ဆုံးဖြတ်ရန်တာဝန်ရှိသည်။

ယခုအမှုတွင် တိုင်းတရားရုံးက တရားလိုကို စစ်ဆေးပြီးနောက် အမှုကို အပြီးအပြတ်ဆုံးဖြတ်ခဲ့သည်ဖြစ်ရာ သက်သေခံချက်မယူဘဲ အဆုံးအဖြတ်ပေးခြင်းမဟုတ်သည့်အတွက် တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၂ အရဆုံးဖြတ်ခြင်းမဟုတ်ပေ။ သို့ဖြစ်ရာ တိုင်းတရားရုံး၏ အဆုံးအဖြတ်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၁၅၊ နည်း ၃ အရ ၏ဆုံးဖြတ်ခြင်းဟုတ် မဟုတ် ဆက်လက်စိစစ်ရန်လိုပေသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၅ ၏ခေါင်းစဉ်မှာ ပထမအကြိမ်

၂၀၀၂
ဒေါ်မိမိအေး
နှင့်
ဦးမြင့်ဦး

အမှုကြားနာသောရက်တွင် စီရင်ဆုံးဖြတ်ခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၅၊နည်း ၃ တွင်အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

၃။ (၁) အမှုသည်တို့မှာ ဥပဒေပြဿနာ သို့မဟုတ် အကြောင်းခြင်းရာ ပြဿနာတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိပြီး ဤဥပဒေတွင် အထက်ကပြဋ္ဌာန်းထားသည့်အတိုင်း တရားရုံးက ငြင်းချက်ထုတ်ပြီးသောအခါ အမှုတွင် အဆိုပါငြင်းချက်များအနက်အမှုကိုစီရင်ဆုံးဖြတ်ရေးအတွက် လုံလောက်မည်ဖြစ်သည့် ငြင်းချက်များနှင့်စပ်လျဉ်း၍ အမှုသည်များက လတ်တလောတင်ပြနိုင်သည့် လျှောက်လဲချက် သို့မဟုတ် သက်သေခံချက်ထပ်မံတင်ပြရန် မလိုအပ်တော့ကြောင်းနှင့် အမှုကိုချက်ချင်းဆက်လက်ဆောင်ရွက်ခြင်းဖြင့် တရားမျှတမှု ကင်းမဲ့မည်မဟုတ်ကြောင်း၊ ကျေနပ်လျှင် တရားရုံးသည် အဆိုပါငြင်းချက်ကို ဆုံးဖြတ်၍ ဆက်လက်ဆောင်ရွက်နိုင်သည်။ သမ္မာန်စာကို ငြင်းချက်ထုတ်ရန်အတွက်သာ ထုတ်ဆင့်ခဲ့သည်ဖြစ်စေ၊ အမှုကိုအပြီးအပြတ်ဆုံးဖြတ်ရန် ထုတ်ဆင့်ခဲ့သည်ဖြစ်စေ ငြင်းချက်များအပေါ် တွေ့ရှိချက်မှာ အမှုစီရင်ဆုံးရေးအတွက်လုံလောက်လျှင် တရားရုံးသည် ယင်းတွေ့ရှိချက်နှင့်အညီ စီရင်ချက်ချမှတ်ပေးနိုင်သည်။

သို့ရာတွင် သမ္မာန်စာကို ငြင်းချက်ထုတ်ရန်အတွက်သာ ထုတ်ဆင့်ခဲ့ခြင်းဖြစ်လျှင် အမှုသည်များ သို့မဟုတ် ၎င်းတို့၏ရှေ့နေများသည် တရားရုံးတွင် ရောက်ရှိနေကြပြီး ၎င်းတို့အနက် မည်သူကမျှ ကန့်ကွက်ခြင်းမပြုမှသာ အထက်ဆိုခဲ့သည့်စီရင်ချက်ကို ချမှတ်ပေးနိုင်သည်။

၃။ (၂) ငြင်းချက်များအပေါ် တွေ့ရှိချက်မှာ ဆုံးဖြတ်ချက်ချရန် လုံလောက်ခြင်းမရှိလျှင် တရားရုံးသည် အမှုကိုထပ်မံကြားနာရန် ရွှေ့ဆိုင်းချိန်းဆိုရမည့်အပြင် အမှုတွင် လိုအပ်သော နောက်ထပ်သက်သေခံချက် တင်ပြရန်ဖြစ်စေ၊ လိုအပ်သည့်အတိုင်း ထပ်မံလျှောက်လဲရန်ဖြစ်စေ ရက်တစ်ရက်ကိုလည်း သတ်မှတ်ပေးရမည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၅၊ နည်း ၃ (၁) အရ ဆောင်ရွက်နိုင်ရန် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရန်လိုသည်-

(၁) အမှုသည်တို့မှာ ဥပဒေပြဿနာ သို့မဟုတ် အကြောင်းချင်းရာပြဿနာ တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိခြင်း၊

(၂) အငြင်းပွားလျက်ရှိသော ပြဿနာများကို စီရင်ဆုံးဖြတ်ရန်အတွက် ငြင်းချက်များထုတ်ထားခြင်း၊

(၃) အမှုကိုစီရင်ဆုံးဖြတ်ရန်အတွက် လုံလောက်မည်ဖြစ်သည့် ငြင်းချက်များနှင့်စပ်လျဉ်း၍ အမှုသည်များက လျှောက်လဲချက် သို့မဟုတ် သက်သေခံချက် လတ်တလော တင်ပြနိုင်ခြင်း၊

(၄) ထို့အပြင် အမှုသည်များက နောက်ထပ်လျှောက်လဲချက် သို့မဟုတ် သက်သေခံချက်တင်ပြရန်မလိုအပ်တော့ခြင်း၊

(၅) အမှုကို ချက်ချင်းဆောင်ရွက်ခြင်းဖြင့် တရားမျှတမှုကင်းမဲ့မည်မဟုတ်ကြောင်း တရားရုံးက ကျေနပ်ခြင်း၊

(၆) ငြင်းချက်အပေါ်တွေ့ရှိချက်မှာ အမှုစီရင်ဆုံးဖြတ်ရေးအတွက် လုံလောက်ခြင်း၊

(၇) သမ္မာန်စာကို ငြင်းချက်ထုတ်ရန်အတွက် ထုတ်ဆင့်ခဲ့ခြင်းဖြစ်လျှင် စီရင်ချက်ချမှတ်နိုင်ရန် အမှုသည်များ သို့မဟုတ် ၎င်းတို့၏ရှေ့နေများအနက် မည်သူကမျှ ကန့်ကွက်ခြင်း မပြုခြင်း။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၅၊ နည်း ၃ တွင်ပြဋ္ဌာန်းထားသည့် အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်လျှင် တရားရုံးသည် နောက်ထပ်သက်သေခံချက်များ ထပ်မံရယူခြင်းမပြုဘဲ အမှုကိုစီရင်ဆုံးဖြတ်နိုင်ကြောင်း အငြင်းပွားရန်မရှိပေ။ သို့ရာတွင် ယင်းသို့စီရင်ဆုံးဖြတ်နိုင်ရန် လိုအပ်သောငြင်းချက်များအတွက် အမှုသည်များက သက်သေခံချက်များ တင်ပြနိုင်သည့်အပြင် နောက်ထပ်သက်သေခံချက် တင်ပြရန် မလိုအပ်တော့ကြောင်း၊ ယင်းသို့အမှုကို ချက်ချင်းစီရင်ဆုံးဖြတ်ခြင်းအားဖြင့် တရားမျှတမှုကင်းမဲ့ရန် အကြောင်းမရှိကြောင်း ပေါ်ပေါက်ရန်လိုပေသည်။

ယခုအမှုတွင် တိုင်းတရားရုံးက အဆုံးအဖြတ်ပေးသည့် ငြင်းချက်အမှတ် (၂) မှာ အမှုကိုစီရင်ဆုံးဖြတ်ရန်အတွက် လုံလောက်သည့်ငြင်းချက်ဖြစ်သည်မှန်သော်လည်း ယင်းငြင်းချက်နှင့်စပ်လျဉ်း၍ နှစ်ဘက်အမှုသည်တို့က ပြည့်စုံလုံလောက်သည့် သက်သေခံချက်များ တင်ပြခြင်းမရှိသေးပေ။

ထို့ပြင် တိုင်းတရားရုံးက တရားလိုကိုသာ စစ်ဆေးပြီး တရားလိုပြသက်သေများကို တင်ပြခွင့်မပြုဘဲနှင့် တရားလိုစွဲဆိုသည့်အမှုကို ပလပ်ကြောင်း ချက်ချင်းစီရင်ချက်ချမှတ်ခဲ့ခြင်းမှာ တရားလိုအတွက် တရားမျှတမှု ရရှိခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၈ ပါပြဋ္ဌာန်းချက်အရ အမှုကြားနာရန် သတ်မှတ်သောနေ့တွင် စတင်ဆောင်ရွက်ခွင့်ရှိသော အမှုသည်က မိမိအမှုကိုတင်ပြရသည်။ ထို့နောက် ၎င်းကသက်သေထင်ရှားပြသရန် တာဝန်ရှိသော ငြင်းချက်များကို ထောက်ခံသည့် သက်သေအထောက်အထားများကို တင်ပြရမည်ဖြစ်သည်။ အခွင့်အရေးမှာ ဥပဒေအရ ပေးအပ်ထားသည့် အခွင့်အရေးဖြစ်သည်။ တရားလိုကို စစ်ဆေးပြီးနောက် တရားလိုပြသက်သေများကို တင်ပြခွင့်မပေးဘဲ ချက်ချင်းစီရင်ချက်ချမှတ်ခြင်းမှာ ဥပဒေအရ အမှုသည်တို့အား ပေးအပ်ထားသည့်အခွင့်အရေးကို ပိတ်ပင်ရာရောက်သည်။ ထို့ကြောင့် အမိန့် ၁၅၊ နည်း ၃ ပါပြဋ္ဌာန်းချက်နှင့်လည်း ကိုက်ညီသည်ဟု မဆိုနိုင်ပေ။

အထက်ပါအကြောင်းများကြောင့် တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၂ နှင့် အမိန့် ၁၅၊ နည်း ၃ အရအမှုကို ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်။

ဤစီရင်ချက်ကို အဆုံးမသတ်မီ ဖော်ပြလိုသည့်အချက်မှာ အယူခံတရားပြိုင်၏ရှေ့နေက တိုင်းတရားရုံးသည် ပဏာမငြင်းချက်၂ ရပ်ကို ကြားနာခဲ့သော်လည်း ငြင်းချက်အမှတ် (၃) ကိုဖြေဆိုခြင်းမပြုဘဲ အယူခံတရားလို စွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်းမှာ အယူခံတရားပြိုင်အား နစ်နာစေသည်ဟု ယုံကြည်သဖြင့် ငြင်းချက်အမှတ် (၃) ကိုဖြေဆိုဆုံးဖြတ်ရန် လျှောက်ထားသည့်ကိစ္စဖြစ်သည်။

ငြင်းချက်အမှတ် (၃) မှာ အောက်ပါအတိုင်းဖြစ်သည်-

၃။ တရားမကြီးမှုအမှတ် ၃၅၁/၉၈ တွင်အချင်းဖြစ်တိုက်နှင့်ပတ်သက်၍ ထုတ်နုတ်ဆုံးဖြတ်ခဲ့သော ငြင်းချက် ၂ အရ အချင်းဖြစ်တိုက်အိမ်ကို တရားပြိုင်ပိုင်ကြောင်း မီးသေ ဆုံးဖြတ်ချက်ဖြစ်နေ၍ ဤအမှုကိုစွဲဆိုရန် အကြောင်းမပေါ် ပေါက်ဆိုသည်မှာ မှန်သလား။

ဖော်ပြပါတရားမကြီးမှုအမှတ် ၃၅၁/၉၈ မှပေါ်ပေါက်သော ရန်ကုန်တိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ် ၁၉/၂၀၀၁ တွင် တိုင်း

တရားရုံးက အောက်ပါအတိုင်း သုံးသပ်ထားသည်-

" × × × × × ×

ဤအမှုတွင် အချင်းဖြစ်မြေကို မည်သူပိုင် မပိုင်၊ အချင်းဖြစ်အိမ်ကို မည်သူဆောက် မဆောက်။ မည်သူ့ငွေပါ မပါ စသည်ဖြင့် စဉ်းစားဆုံးဖြတ်ရန် သက်သေခံ ဥပဒေပုဒ်မ ၅ အရ စပ်ဆိုင်သောအချက်မဟုတ်ပေ။ အဓိကအဆုံးအဖြတ်ပြုရမည့်အချက်မှာ တရားပြိုင်သည် အချင်းဖြစ်ဥပစာတွင် တရားလို၏ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့ခြင်းဟုတ် မဟုတ် ဆိုသောအချက်ဖြစ်သည်။ တရားပြိုင်သည် တရားလိုက ခွင့်ပြုချက်ဖြင့် အချင်းဖြစ်ဥပစာတွင် ဝင်ရောက်နေထိုင်သည်ဆိုသောအချက်ကို တရားလိုက သက်သေပြနိုင်လျှင် တရားလိုနိုင်မည်။ သက်သေမပြနိုင်လျှင်ရှုံးမည်။ အချင်းဖြစ်မြေနှင့်ဥပစာကို တရားလိုပိုင်သည်ဟုသက်သေပြနိုင်ရုံဖြင့် မနိုင်နိုင်ပေ။

× × × × × ×

ထို့နောက် တိုင်းတရားရုံးက အောက်ပါအတိုင်း ဆက်လက်သုံးသပ်သည်-

" သို့ဖြစ်၍ ဤအမှုတွင် တရားလို ဦးအောင်မြင့်က တရားပြိုင် ဦးမြင့်ဦးအား အချင်းဖြစ်ဥပစာတွင် အခမဲ့ ခွင့်ပြုချက်ဖြင့်ထားခဲ့ကြောင်း သက်သေထင်ရှားမပြနိုင်သဖြင့် တရားလိုစွဲဆိုသောအမှုမှာအောင်မြင်ရန်အကြောင်းမရှိတော့ပေ။ သက်သေခံဥပဒေပုဒ်မ ၁၀၁ အရ သက်သေထင်ရှားမပြနိုင်သဖြင့် ပလပ်ရန်သာရှိသည်။"

ထို့ကြောင့် ဦးအောင်မြင့်က ဦးမြင့်ဦးအား ခွင့်ပြုချက်ဖြင့်ထားကြောင်း သက်သေထင်ရှားမပြနိုင်၍ အမှုကို ပလပ်ခဲ့ကြောင်းမြင်သာသည်။

ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုမှုတွင် တရားလိုသည် တရားပြိုင်အား ခွင့်ပြုချက်ဖြင့်ထား မထားဆိုသည့်အချက်သည် အဓိကဆုံးဖြတ်ရန်ဖြစ်သည်။ ယင်းအမှုမျိုးတွင် တရားလိုသည် ခွင့်ပြုချက်ဖြင့်ထားသည့် ဥပစာကိုပိုင် မပိုင် ဆုံးဖြတ်ရန် မလိုပေ။

ဒေါ်မိမိအေးက ဦးမြင့်ဦးအပေါ် စွဲဆိုသည့်အမှုမှာ အမွေဆက်ခံပိုင်ဆိုင်သော တိုက်ခန်းအား လက်ရောက်ရလိုမှုဖြစ်သည်။ ထိုအမှုတွင်

တရားလိုသည် အချင်းဖြစ်တိုက်ခန်းကို အမွေဆက်ခံပိုင်ဆိုင်ခြင်းရှိ မရှိ စိစစ်ရန်ဖြစ်သည်။ အမွေဆက်ခံပိုင်ဆိုင်မှ လက်ရောက်ရနိုင်မည်ဖြစ်သည်။ လက်ရောက်ရလိုမှုတွင် ဆုံးရဖြတ်ရမည့်အကြောင်းအရာများနှင့် ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုမှုတွင် ဆုံးဖြတ်ရမည့်အကြောင်းအရာများသည် တူညီခြင်းမရှိချေ။

တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၂ အရ အမှု၏အခြေအမြစ်နှင့်သက်ဆိုင်ပြီး သက်သေခံချက်မယူဘဲ ဆုံးဖြတ်ပေးနိုင်သည့် ဥပဒေငြင်းချက်များကို ကနဦး ဆုံးဖြတ်ရန်တာဝန်ရှိသည်။

သို့ရာတွင် တိုင်းတရားရုံးသည် ဥပဒေငြင်းချက်ဖြစ်သော ပဏာမငြင်းချက်အမှတ် (၃) ကိုသက်သေခံချက်များ ရယူပြီးမှ ဆုံးဖြတ်မည်ဟု အမိန့်ချမှတ်ထားသည်။

သို့ဖြစ်ရာ အယူခံတရားပြိုင်ရှေ့နေက တင်ပြသော ငြင်းချက်အမှတ် (၃) နှင့်စပ်လျဉ်း၍ တိုင်းတရားရုံးက ၉-၁၁-၂၀၀၀ နေ့တွင် သက်သေခံချက်ရယူပြီးမှ ဆုံးဖြတ်မည်ဟု အမိန့်ချမှတ်ခဲ့သည့်အတိုင်း တိုင်းတရားရုံသည် ကျန်ငြင်းချက်များနှင့်အတူ ဆုံးဖြတ်ရန်ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့် ဤအယူခံကိုခွင့်ပြု၍ တိုင်းတရားရုံး၏ ၃၀-၄-၂၀၀၂ ရက်စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးအား မူလမှုအမှတ်ဖြင့်ပင် အမှုကိုဆက်လက်စစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၂၀၀/- သတ်မှတ်သည်။